# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# ၁၆ ရက်မြောက်နေ့အစီအစဉ်

# ၁၂ – ၉ – ၂၀၁၁ (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးအောင်ကျော်ဦး ၊ ရေဦး မဲဆန္ဒနယ်၏ **" မူးမြစ်ရေတိုက်စားခြင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( ခ ) ဦးစိုးနိုင်၊ ဖျာပုံ မဲဆန္ဒနယ်၏ **" ကမ်းပါးပြိုခြင်းအား ပြုပြင်ထိန်းသိမ်းပေးရေး"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

( ဂ ) ဦးမောင်မောင်တင်၊ ရေကြည် မဲဆန္ဒနယ်၏ **" ဝဝန်မြစ်ရေလမ်းကြောင်း ပြောင်းလဲပေးခြင်းနှင့် တာအဆင့်မြှင့်တင်ပေးနိုင်ရေး"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးအေးမြင့်၊ အင်းစိန် မဲဆန္ဒနယ်၏ **"ပို့ဆောင်ရေးဝန်ကြီးဌာန မှ သင်္ဘောသားများကိစ္စ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

( င ) ဦးဂျိဖုန်ဆားရ်၊ နောင်မွန်း မဲဆန္ဒနယ်၏ **" ကွင်းတိုဆင်းလေယာဉ်ကွင်း များ အသုံးပြုရန်"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးမောင်တိုး၊ မင်းလှ မဲဆန္ဒနယ်၏ **"နိုင်ငံတော်အရအသုံး ခန့်မှန်းခြေငွေစာရင်းများစစ်ဆေးခြင်း"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဆ) ဦးဘငြေး၊ မိုးကုတ် မဲဆန္ဒနယ်၏ **"ကျောက်မျက်တူးဖော်လုပ်ကိုင်ခွင့်ပြုရန် "** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဦးကျော်မြင့်၊ နောင်ချို မဲဆန္ဒနယ်၏ **"အင်းကြီးကန် အား ဆည်တည်ဆောက်ပေးရေး"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စျ) ဦးကျော်မြင့်၊ နောင်ချို မဲဆန္ဒနယ်၏ **"နှမ်းစပါးဖြစ်ထွန်းအောင်မြင်မှုနည်းပါးခြင်း"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **"ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၇။ ဦးလွန်းသီ၊ ကွမ်းခြံကုန်း မဲဆန္ဒနယ်၏ **"စပါးစိုက်ပျိုးရမည့်ဧရိယာ (မိုးစပါး၊ နွေစပါး)ကို မူဝါဒတစ်ရပ် သတ်မှတ်ဆောင်ရွက်သင့်ကြောင်း "**အဆိုကို အောက်ပါ လွှတ်တော် ကိုယ်စားလှယ်များ က ဆွေးနွေးခြင်း–

(က) ဦးညီညီမြင့်၊ အုတ်တွင်း မဲဆန္ဒနယ်။

(ခ) ဦးကြည်တင့်၊ ဓနုဖြူ မဲဆန္ဒနယ်။

(ဂ) ဦးငြေးမြင့်၊ မြိတ် မဲဆန္ဒနယ်။

(ဃ) ဦးအောင်မြင့်၊ ဂန့်ဂေါ မဲဆန္ဒနယ်။

(င) ဦးကျော်မြင့်(ခ)ဦးဖိုးတုတ်၊ မိုးမိတ်မဲဆန္ဒနယ်။

၈။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်း။

၉။ အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၀။ ဦးမောင်ဦး၊ တပ်ကုန်း မဲဆန္ဒနယ်၏ **"အများပိုင် ကုမ္ပဏီများကို ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ခွင့်ပြုရေး "** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များ က ဆွေးနွေးခြင်း–

(က) ဒေါက်တာစိုင်းကျော်အုန်း၊ နမ့်ခမ်း မဲဆန္ဒနယ်။

(ခ) ဦးဝင်းဦး၊ ရေဖြူ မဲဆန္ဒနယ်။

(ဂ) ဦးဌေးမြင့်၊ မြိတ် မဲဆန္ဒနယ်။

(ဃ) ဦးသန်းမြင့်၊ ဆားလင်းကြီး မဲဆန္ဒနယ်။

(င) ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်။

၁၁။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်း။

၁၂။ အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၃။ ဦးသိန်းဆွေ၊ အမ်း မဲဆန္ဒနယ်၏ **" ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ် မြစ်ကြောင်း ထိန်းသိမ်းရေးလုပ်ငန်းအား စီမံချက် ချမှတ်လုပ်ဆောင်ပေးပါရန် "** အဆို တင်သွင်းခြင်း။

၁၄။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၅။ ဒေါ်ဒွဲဘူ၊ အင်ဂျန်းယန် မဲဆန္ဒနယ်၏ **"ကချင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ပေးရေးနှင့် မူးယစ်ဆေးစွဲသူများကို ကယ်တင်ခြင်း၊ စောင့်ရှောက်ခြင်း၊ လူကောင်းသူကောင်းဘဝသို့ ပြန်လည်ရောက်ရှိစေရန် ကူညီထောက်ပံ့ခြင်း လုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေး"** အဆို တင်သွင်းခြင်း။

၁၆။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၇ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။